Assistance Association for Political Prisoners (AAPP)
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

E-mail: info@aappb.org Website: www.aappb.org

အင်းစိန်အကျဉ်းထောင်တွင်း ဆန္ဒပြပွဲနှင့်ပတ်သက်၍ အရေးပေါ်ထုတ်ပြန်ချက်

၂၃၊ ဇူလိုင်၊ ၂၀၂၁

ယနေ့ ဇူလိုင် (၂၃) ရက် နံနက် ၈ နာရီခန့်အချိန်တွင် အင်းစိန်အကျဉ်းထောင်တွင်းမှ စစ်အာဏာရှင်စနစ်ပြုတ်ကျရေးနှင့်ပတ်သက်သော ကြွေးကြော်သံများဟစ်ကြွေး၍ ထောင်တွင်းဆန္ဒပြပွဲ ဖြစ်ပေါ်ခဲ့ကြောင်း ကြားသိရသည်။ စစ်အာဏာသိမ်းမှုဖြစ်စဉ်ကို ဆန့်ကျင်ကန့်ကွက်ခဲ့သည့်အတွက် ဖမ်းဆီးထိန်းသိမ်းထားသူများနှင့် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသည့်အတွက် ဖမ်းဆီးခံထားရသူများကို ထိန်းသိမ်းထားသော အင်းစိန်သီးသန့်ထောင်၏ အမျိုးသမီးဆောင်မှ စတင်၍ ဆန္ဒပြပွဲ ဖြစ်ပေါ်ခဲ့ပြီးနောက် အကျဉ်းထောင်တစ်ခုလုံး ပူးပေါင်းပါဝင်ကာ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းတချို့လည်း အဆိုပါ ဆန္ဒထုတ်ဖော်မှုတွင် ပါဝင်ခဲ့ကြသည်ဟု သိရှိရသည်။ လက်ရှိအချိန်တွင် အကျဉ်းထောင်အတွင်းသို့ စစ်ကားများ ဝင်ရောက်၍ ထောင်ကို စီးနင်းမှုပြုလုပ်ကာ ထောင်ရှိလက်နက်များအား လုံးကိုလည်း သိမ်းဆည်းခဲ့ကြောင်း အကျဉ်းဦးစီးဌာန၏ ဝန်ထမ်း တချို့က အတည်ပြုပြောဆိုခဲ့သည်။

အင်းစိန်ထောင်၏ အမျိုးသမီးအဆောင် နှစ်ဆောင်တွင် COVID-19 ရောဂါ အခြေအနေဆိုးရွားလျက်ရှိနေသော်လည်း အာဏာပိုင်များက အကျဉ်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို လျစ်လျူရှုထားပြီး အထူးတိုက်နှင့် ဆေးရုံတွင်သာ ကျန်းမာရေးစောင့်ရှာက်မှုကို ပေးထားသည့်အပြင် အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများအတွက်လည်း မည်သည့်ကာကွယ်စောင့်ရှောက်မှုကိုမှ စီမံဆောင်ရွက်ခြင်းမပြုထားသော ကြောင့် ဆန္ဒထုတ်ဖော်မှု စတင်ဖြစ်ပွားခဲ့သည်ဟု ကနဦးသတင်းများအရ သိရှိရသည်။ ဇူလိုင်လ ၂၂ နေ့တွင် အခြားသောပြစ်မှုများဖြင့် ဖမ်းဆီးခြင်းခံထားရသည့် အချုပ်သား တစ်ထောင်ကျော်ကို အင်းစိန်ထောင်မှ လွှတ်ပေးရန် စီစဉ်နေပြီး အသုတ်လိုက်ခွဲ၍ လွှတ်ပေးနေကြောင်း ရန်ကုန်တိုင်းအကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောဆိုခဲ့ပြီးနောက် ယခု ဖြစ်ရပ်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

၁၉၉၀ ခုနှစ်၊ စက်တင်ဘာလအတွင်းက အင်းစိန်အကျဉ်းထောင်အတွင်း၌ပင် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထံ အာဏာအပ်နှင်းရေးအတွက် နိုင်ငံရေးအကျဉ်းသားများ ထောင်တွင်း အစာငတ်ခံဆန္ဒပြရာမှတစ်ဆင့် သပိတ်တိုက်ပွဲပြုလုပ်ခဲ့ကြရာ အာဏာပိုင်များက ရက်ရက်စက်စက် နှိပ်ကွပ်ချေမှုန်းခဲ့သည်။ ထို့အတွက်ကြောင့် နိုင်ငံရေးအကျဉ်းသား ၄၀ ကျော် ဆေးရုံတက်ရမည့်အခြေအနေသို့ ရောက်ရှိခဲ့ဦး ၆ ဦးမှာ သေလုမြောပါး ရိုက်နှက်ခြင်းခံခဲ့ရသည်။

အကျဉ်းသားများအား ပြင်းထန်စွာရိုက်နှက်သဖြင့် ရိုက်နှက်သံများ၊ ကြိမ်းမောင်းဆဲဆိုသံများနှင့် အကျဉ်းသားများ၏ နာကျင်အော်ဟစ်သံများအား ထောင်တွင်း နှင့် ထောင်ပြင်ပမှ မကြားနိုင်အောင် အကျဉ်းထောင်ပတ်လည်ရှိ လုံခြုံရေးမျှော်စင်များမှ သီချင်းများကို လော်စပီကာများဖြင့် ကျယ်လောင်စွာဖွင့်ခဲ့သည်။ သို့ရာတွင် နဝတ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့) အစိုးရက အကျဉ်းသားများကို ရိုက်နှက်ရာတွင် နိုင်ငံတကာအသိအမှတ်ပြုနံပါတ်တုတ်ဖြင့်သာ ရိုက်နှက်ခဲ့ခြင်းဖြစ်ပြီး အကျဉ်းသား ၃ ဦးသာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) အနေဖြင့် ယနေ့ဖြစ်ပွားခဲ့သော အင်းစိန်ထောင်တွင်း ဆန္ဒထုတ်ဖော်မှုနှင့်ပတ်သက်၍ အကျဉ်းသားများအပေါ် ပြင်းထန်ပြီး လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခြင်းများကို ထောင်အာဏာပိုင်များနှင့် စစ်အုပ်စုမှ ရည်ရွယ်ချက်ရှိရှိဖြင့် ကျူးလွန်မည်ကို များစွာစိုးရိမ်မိပါသည်။ နိုင်ငံတကာအစိုးရများအနေဖြင့်လည်း မတရားဖမ်းဆီးထိန်းသိမ်းခံအကျဉ်းသားများ၏ အသက်ရှင်သန်ခွင့်နှင့် အမြန်ဆုံးလွှတ်ပေးရေးတို့အတွက် အာဏာသိမ်းစစ်အုပ်စုကို အဖက်ဖက်မှ ဖိအားပေးရန် မိမိတို့မှ အလေးအနက် တောင်းဆိုလိုက်ပါသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း